သာယာကုန်းကျေးရွာ

ညောင်ကိုင်းကျေးရွာအုပ်စု၊ မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ် (၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

သာယာကုန်းကျေးရွာ ၊ မိုးညှင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

သာယာကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာ ရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့် နှင့်အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်း အထိ)၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ
DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIVခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MCRD သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

STD လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

CSOs အရပ်ဖက်လူမှုအဖွဲ့အစည်းများ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

နိုဝင်ဘာလ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သာယာကုန်းကျေးရွာ
မိုးညှင်းမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို

အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရွှေဘို-မြစ်ကြီးနား ကားလမ်းဘေးတွင် တည်ရှိပါသည်။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နှင့်(၅)မိုင် ကွာဝေးပါသည်။ရွာ၏ တောင်ဘက်တွင် (၅)မိုင် ကွာဝေးသော ဆယ်မိုင် ရွာသစ်ကျေးရွာတည်ရှိပါသည်။ရွာ၏ အနောက်ဘက်တွင် လယ်ကွင်းများတည်ရှိပြီး ဆက်လက်၍ ကြည့်ရှုလျှင် ဒေါနတောင်တန်း တည်ရှိပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ကြသည်။စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကိုလည်း တစ်ရွာလုံးနီးပါး လုပ်ကိုင်ကြပါသည်။လယ်ယာမြေစိုက်ပျိုးရေးမှာ ကျေးရွာ၏ အဓိက အားထားရာဖြစ်သည်။ကျေးရွာတွင် လယ်ယာများကို ချောင်းရေဖြင့် အသုံးပြုသဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခြင်းမရှိပေ။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်တင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအခြေအနေမှာ အသင့်တင့်ရှိပါသည်။သုံးစွဲမှု ကြာမြင့်လာသည်ဖြစ်၍ ယိုယွင်းပျက်စီးမှုများလည်း ရှိနေပါသည်။ကျေးရွာတွင် သဘာဝသယံဇာတအနေဖြင့် သစ်အနည်းငယ်ရှိပါသည်။သစ်တောများမှ သစ်ထွက်နှုန်းမှာ အားကောင်းမှုမရှိပေ။တောင်သူအများစုမှာ ချောင်းရေကို အဓိကသုံးစွဲ၍ စိုက်ပျိုးကြသည်။အချို့သော တောင်သူများသည် ချောင်းရေကို အသုံးပြုရန်ခက်ခဲမှုရှိသဖြင့် စက်အင်ဂျင်းဖြင့် ရေသွင်း၍ စိုက်ပျိုးကြသည်။မြေအောက်ရေ အသုံးပြုမှုမရှိပေ။ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက(၂၉၄)ကျော်ရှိ၍ စပါးကို အဓိက စိုက်ပျိုးကြသည်။အခြားသီးနှံစိုက်ပျိုးမှုများလည်း အနည်းငယ်ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၃၀)စုနှင့်ကျားဦးရေ(၂၅၁)၊မဦးရေ(၂၄၆)ရှိပြီး လူဦးရေစုစုပေါင်းမှာ (၆၅၀)ရှိပါသည်။ကျေးရွာတွင် ဗမာလူမျိုး အများစုနေထိုင်ကြပြီး တိုင်းရင်းသားအနည်းငယ်နေထိုင်ပါသည်။အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၅၉%ခန့် ရှိသဖြင့် လူသားအရင်းအမြစ်တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် ၂၉%ရှိပြီး အမျိုးသားဦးရေမှာ ၃၀% ရှိသဖြင့် အမျိုးသမီးဦးရေက ရာခိုင်နှုန်းပိုများသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်း စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထား သာမာန်အားဖြင့် လျော့နည်းပါသည်။ဆင်းရဲချမ်းသာ အဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၃၇%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုဖြစ်ပြီး၊(၁၂%)သည်ချမ်းသာသည့်အဆင့်၊(၂၆%)သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင်လယ်မြေပိုင်ဆိုင်မှု၊လက်လှမ်းမမှီ၊လယ်ယာသုံးစက်ကရိယာများပိုင်ဆိုင်မှုနှင့်ချောင်းရေသွင်း စိုက်ပျိုးနိုင်မှုကြောင့် ကျေးရွာ၏စီးပွားရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု

ပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ပန်းရံ ၊ ဆန်ကြိတ်စက်များတွင်လည်း အငှား လိုက်ခြင်း အခြားရာသီ အလိုက်ပေါက်သော မှိုရှာသည့် အလုပ်များလည်း လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်းနေ့စားလုပ်ကိုင်ဆောင်ရွက်ကြသည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့်အစိုးရ ဝန်ထမ်းအချို့လည်း ငွေရေး၊ကြေးရေး အသင့်အတင့်အဆင်ပြေသည်။

ၚင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်း ငယ်ပိုင်သော လယ်သမားများ၊လက်လုပ်လက်စား၊ဆောက်လုပ်ရေးလုပ်ငန်းခွင်ဝင်လုပ်သား များရှိသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာ လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆန်ကြိတ်စက်၊ သစ်ခွဲစက်၊ တနိုင်တပိုင်မွေးမြူရေး လုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စု(၄)စု လေ့လာဆန်းစစ်မှုအရယင်းတို့၏ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန် အောင်စားသုံးနိုင်ကြောင်း၊ အိမ်ထောင်စု(၈)စုမှာ သူတစ်ပါးထံမှ မချေးငှားဘဲ သုံးလခန့် စားသုံးနိုင်ကြကြောင်း၊ အိမ်ထောင်စု(၁၀)အိမ်ထောင်စုမှာ ၆လမှ ၁၂ လခန့် သူတစ်ပါးထံ မှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြောင်းတွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံ ခဲ့သော အိမ်ထောင်စုအားလုံးသည်အကြွေးငွေကျပ်(၁၀)သိန်းထိတင်ရှိနေကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုသည် ကျန်းမာကြသည်။သွေးလွန်တုပ် ကွေး ရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုးမွှားဖြစ်ပွားမှု မရှိကြောင်း တွေ့ရသည်။အမျိုးသမီး၊လူ ငယ်လူရွယ် သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့်ကျန်းမာရေး အသိ အမြင်များ အနည်းငယ်လေးသာရှိကြသည်။ကျန်းမာရေး အသိအမြင် အားနည်းမှုများလည်း

ရှိကြသည်။ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး(၅)မိုင်ကွာဝေးသော ကျန်းမာရေးဌာနသို့ ကားလမ်းဖြင့် အလွယ်တကူ သွားလာနိုင်သော်လည်း လူမှုကူညီရေးအသင်းများမရှိသဖြင့် အခက်အခဲများလည်းရှိပါသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊မော်တာသုံး တုံကင်များလည်း မရှိကြချေ။မြေအောက်ရေကို အလွယ်တကူ ရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊တိုက်ဖိုက်၊အစာအိမ်ရောင်စသော ရောဂါများ ဖြစ်ပွားမှု နည်းပါးကြောင်းတွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် နိမ့်ကြောင်းတွေ့ရှိရပါသည်။ရွာသားအများစုသည် အခြေခံ၊အဖတ်၊အတွက် တို့တွင်လည်း အားနည်းကြ၍ ဘွဲ့ရအရေအတွက် အလွန်ရှားပါးသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းသာ တက်ရောက်ကြသည်။ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိနိုင်မှုသည် အားနည်းသည်ဟု ယူဆရပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းကဏာန်းအရေအတွက်သည် မ အရေအတွက် က ကျားအရေအတွက်ထက်ပိုများသည်။ကျေးရွာတွင် ဒေသဝက်မွေးမြူရေးကိုအိမ်တိုင်း၌ တစ်နိုင်တစ်ပိုင်သာမွေးမြူကြသည်။ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏(၁၄%)ခန့်ရှိပြီး ဈေးကွက်တွင် ဝက်လိုအားရှိသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်တုပ်ကွေး ဖြစ်ပွားတတ်သည်။နည်းပညာ ဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်း မလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက် ပေးနိုင်မှုအားနည်းသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတား အနေဖြင့် ဆင်းရဲသား အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကို အလွယ်တကူ ရရှိနိုင်သော်လည်းအရင်းအနှီးငွေပမာဏများသဖြင့် အကောင်အထည်မဖော်နိုင်ပေ။

(စ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ဈေးရောင်း၊အစိုးရဝန်ထမ်းလုပ်ငန်း တို့ဖြစ်ကြသည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေ

ကိုက်မှု အနည်းအပါးမှအသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ် လက်စား အလုပ်များ မှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလား အလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းတချို့ကို ဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိသည်။အပ်ချုပ်၊ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊မုန့်လုပ် နည်း၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်လျော့ စသည်တို့သည် အသက် မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်း များနှင့်အထိအတွေ့နည်းပါးကြသည်။သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုး သားက ပိုမိုရပြီး အမျိုးသမီးမှာ အနည်းငယ်လျော့နည်းပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်း များတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ကျား-မ တန်းတူညီမျှမှု နှင့်ပတ်သက်၍ အသိပေးခြင်းများလည်းမရှိပေ။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုနှင့်စီးပွားရေး ဆိုင်ရာအဖွဲ့အစည်းတို့ရှိသည်။ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင် ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက် အားနည်းသွားသည်။နာရေး ကူညီမှုအသင်းများလည်း ဖွဲ့စည်းထားခြင်းမရှိပေ။ကျွမ်းကျင်ပညာရှင်များ၏ သင်တန်းပေးမှု မရှိသောကြောင့် အလုပ်ရှားပါးမှုများလည်း ရှိနေပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထား စိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက(၅၁၅) ဧကရှိပြီး သီးထပ်အဖြစ်စိုက်ပျိုးခြင်းမရှိပေ။

စိုက်ပျိုးရေးဦးစီးဌာနမှာ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေး ပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။တောင် သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရ ပြီး လုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မား

သည်။တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့်ကုန်ကျစရိတ် မြင့်တက်မှုကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို အသုံးပြုကြသည်။တောင်သူများသည် တစ်ခါတရံ မိုးရွာသွန်းမှု မညီမျှမှုရင်ဆိုင်ရတတ်သည်။တစ်ခါတရံ စပါးခင်းတွင် ဖျက်ပိုး ကျရောက်မှု အနည်းငယ်ရှိသဖြင့် တိုက်ဖျက်ရေး နည်းစနစ်များ လိုအပ်ပါသည်။

(ဂ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတခန့်ခွဲမှု

ကျေးရွာတွင် ပိုးသတ်ဆေးနှင့်ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည် အသွေး ကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များလာသည်။စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင် လည်း ပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာရေးလုပ်ငန်းများ မြင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို အတိုးနှုန်း ၇၅ပြားဖြင့် လယ်တစ်ဧကလျှင် တစ်သိန်းငါးသောင်းကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။

(င) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းနှင့်အလယ်တန်း ကျောင်း အုတ်နံရံကာနှင့်အင်္ဂတေအခင်း ကျောင်းဆောင်ရှိသည်။ရွာသား အများစု အရေး၊အဖတ် အားနည်းကြပြီး လူဦးရေ အားလုံး၏(၃%)သည် ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။တချို့သော သူများသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပင်မတက်ခဲ့ရပါ။ ယခုနှစ်ကျောင်း အပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းအောင်ရာခိုင်နှုန်းလည်း မြင့်မား သည်။ ကျောင်းတွင် ပရိဘောဂတို့မှာ လုံလောက်မှုရှိနေပါသော်လည်း ပျက်စီးနေသော ပရိဘောဂများ ရှိနေပါသည်။ကျေးရွာတွင် ဆရာမ(၁)ဦး ငှားထား၍ ဆရာမ လုံလောက်မှု ရှိနေပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ကျန်းမာရေး ဝန်ဆောင်မှုတို့နှင့်ပတ်သက်၍ ကျေးလက်ကျန်းမာရေးဆရာမရှိပါသဖြင့် အိမ်ကို

ကုသခန်းအဖြစ်အသုံးပြုရပါသည်။ယခုအချိန်တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်၍ သွားလာရ လွယ်ကူလာပါသည်။

သောက်ရေအတွက် လက်နှိပ်တုံကင်ကို သုံးစွဲသူ အနည်းငယ်သာရှိပြီး ရေတွင်းကိုသာ အဓိကသုံးစွဲကြသည်။ချမ်းသာသော အိမ်ထောင်စုများကို အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ထရံကာ သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွားမှုများ နည်းပါးသည်။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာ မှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သား သုံး အိမ်သာမှာ ယိုယွင်းပျက်စီးမှုတွေ ရှိနေပါသည်။

(စ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။သူတို့ သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များတွင်လည်း ပါဝင်မှုရှိသည်။ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိပေ။

(ဆ)အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

၂၀၁၄-၂၀၁၅ ခုနှစ်တွင် အုတ်ခုံခံ သစ်သားတံတားကို ကျေးလက်ဦးစီးဌာနကဆောက် လုပ်ပေးခဲ့သည်။ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီများကို အသုံးပြု မောင်းနှင်ကြသည်။ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၁၂၅)စီးနှင့်စက်ဘီး(၅၆)စီး၊ထော်လာဂျီ(၅)စီးကို အသုံးပြုလျက်ရှိပါ သည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၆ခုနှစ်မှရရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ (၃၉%)သည် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေး ကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ပါ သည်။ကျေးရွာတွင် အင်တာနက် အသုံးပြုမှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနေပါသည်။ကျေးရွာတွင် စာကြည့် တိုက်ရှိသော်လည်း ယိုယွင်းပျက်စီးနေပါသဖြင့် အသုံးပြု၍ မရပါ။

(ဇ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး ခိုးမှုများတော့ရှိပါသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်အသုံးပြုနိုင်သည်။ကျေးရွာတွင်

သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းတို့အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွားခြင်းရှိသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည်။လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်စေသော လူနေမှု အဆင့်အတန်း မြင့်မားလာရေးအတွက် အထောက် အကူပြုနေပါသည်။

ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုလည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသမှု လိုအပ်မှုအတွက် လည်း မိုးညှင်းမြို့နယ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ အသင့်အတင့်အနေအထားတွင်ရှိနေပါသည်။

သဘာဝရင်းမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီးမြေဆီဩဇာ ကောင်းမွန်ပါသည်။တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်ပါသည်။မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်းသီးနှံ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် စျေးကွက်ကောင်းသဖြင့် အထူး သဖြင့် ကြက်၊ဝက်၊ကျွဲ၊နွားကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာဖြစ်သည်။သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုကိုလည်း တိုးမြင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတမထွက်ရှိပါ။လယ်ယာမြေများကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

ချောင်းရေမှ သွယ်တန်းစိုက်ပျိုးနိုင်သော်လည်းနောက်ပိုင်းတွင် ရေခန်းသည့်အခါ ရေသုံးစွဲမှု ပြဿနာ ဖြစ်တတ်ပေသည်။ဘဏ်များကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊တတ်သိပညာ၊အထိအတွေ့ကို အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊ကျေးရွာ၏ အဓိကလိုအပ်ချက် ပြည့်ဝလာခြင်း၊သက်မွေးပညာသင်တန်းများမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်တင်လာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရား တိုးတက်လာရမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်

အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့ အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှု သိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်

ရောက်မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုးရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း	၁၀၀	၁	– ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	
	၂။ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း၊ စာကြည့်တိုက်အတွင်း (Fiber WiFi)အင်တာနက်တပ်ဆင်ခြင်း၊ကွန်ပျူတာတပ်ဆင်ခြင်း၊	၉၉	၂		
	၃။ကျေးရွာခန်းမဆောင်ဝင်းအတွင်းသန့်စင်ခန်းတည်ဆောက်ခြင်း၊ခြံစည်းရိုးကာရံခြင်း၊ သံပန်းတံခါးတပ်ဆင်ခြင်း၊				
စွန့်ပစ်အမှိုက်စီမံခန့်မှု					
	၁။ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအသိပညာပေးဟောပြောပွဲဆောင်ရွက်ပေးရန်၊	၉၇	၃	–ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	

၂။အမှိုက်ကန်တည်ဆောက်ခြင်း

အသက်မွေးဝမ်းကျောင်းသင်တန်းများ

၁။အခြေခံလူသုံးကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်ပေးရန်၊ ၂။အခြေခံဆိုင်ကယ်ပြုပြင်သင်တန်းဖွင့်လှစ်ပေးရန်၊ ၃။အခြေခံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်ပေးရန်၊ ၄။လျှပ်စစ်နှင့်ပတ်သက်သည့်အိမ်တွင်းဝါယာရိုန်းနည်းပညာသင်တန်းဖွင့်လှစ်ပေးရန်၊ ၅။အပ်ချုပ်စက်သင်တန်းဖွင့်လှစ်ပေးရန်၊ ၆။သံဂဟေဆက်သင်တန်းဖွင့်လှစ်ပေးရန်၊	၉၁	၄	–ကျေးရွာပြည်သူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ –ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း –ကျေးရွာပြည်သူများ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု

ရေပေးရေး

	၁။ စက်ရေတွင်းတူးဖော်ခြင်း၊	၈၉	၅	–ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း –ကျေးရွာပြည်သူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း
	၂။ ရေပိုင်လိုင်းနှင့် ရေမီတာတပ်ဆင်ခြင်းလုပ်ငန်း (အိမ်သွယ်ရေတိုင်)			–
	၃။ရေလွှဲဆည်တည်ဆောက်ခြင်း	၈၂	၆	
	၄။ရေနုတ်မြောင်းတူးဖော်ခြင်း	၈၀	၇	
လမ်းတံတား				
	၁။ ကျေးရွာကုန်ထုတ်လမ်း ၊ Box Culvert ၊ ရေပြွန်တည်ဆောက်ခြင်း	၇၉	၈	-မြို့နယ်ကျေးလက်ဦးစီးဌာနသို့တင်ပြခြင်း
	၂။ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ ကွန်ကရစ်ဘောင်နှင့်သဲကျောက်လမ်းခင်းခြင်း			-မြို့နယ်ကျေးလက်လမ်းဦးစီးဌာနသို့တင်ပြခြင်း
	၃။ ညောင်ကိုင်း-သာယာကုန်းကျေးရွာချင်းဆက်လမ်းခင်းခြင်း	၇၆	၉	
ပညာရေး		၇၅	၁၀	-ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

	၁။ အမကကျောင်းဆောင်တိုးချဲ့ ဆောင်ရွက်ရန် ၂။အမကကျောင်းအတွက်ဆရာမ (၂)ဦးချထားပေးရန်လိုအပ်ခြင်း			
စိုက်ပျိုးရေး				
	၁။စိုက်ပျိုးရေးနည်းပညာသင်တန်း ဖွင့်လှစ်ပေးရန်	၇၀	၁၁	-စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း
မီးလင်းရေး				
	၁။ တိုးချဲ့ကွက်သစ်လျှပ်စစ်မီးတိုင် တိုးချဲ့သွယ်တန်းပေးရန် ၂။ကျေးရွာတွင်းလမ်းဆိုလာမီးတိုင် ဆောင်ရွက်ပေးရန်	၆၈	၁၂	-မြို့နယ်ကျေးလက်ဦးစီးဌာနသို့တင်ပြခြင်း
မွေးမြူရေး				
	၁။မွေးမြူရေးနှင့်ပတ်သက်၍ နည်းပညာဟောပြောပွဲများ ဆောင်ရွက်ပေးရန်	၆၆	၁၃	-မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုးနှင့် မသန်စွမ်းများထောက်ပံ့ပေးခြင်း

၁။ မိသားစုပြုစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအားထောက်ပံ့စောင့်ရှောက်နိုင်ရန်အတွက်အသိပညာပေးဟောပြောဆောင်ရွက်ပေးရန်	၆၅	၁၄	-လူမှုဝန်ထမ်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း -ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း
ယဉ်ထိန်း +လူကုန်တား			
၁။ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်ပေးရန်	၆၃	၁၅	-ယာဉ်ထိန်း+လူကုန်တားဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း
မူးယစ်ဆေးဝါးအသိပညာပေး			
၁။မူးယစ်ဆေးဝါးနှင့်ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများဆောင်ရွက်ပေးစေလိုခြင်း	၆၀	၁၆	-ကျန်းမာရေးနှင့်ရဲတပ်ဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်ခြင်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက် ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁။ ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း၊ ခန်းမဆောင်ဝင်းအတွင်းသန့်စင်ခန်းတည်ဆောက်ခြင်း/ ခြံစည်းရိုးကာရံခြင်း/ သံပန်းတံခါးတပ်ဆင်ခြင်း	၁	———	———			
၂။ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း၊ စာကြည့်တိုက်အတွင်း (Fiber WiFi) အင်တာနက်တပ်ဆင်ခြင်း၊ ကွန်ပျူတာတပ်ဆင်ခြင်း၊	၂	———	———			
၃။ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေးဟောပြောပွဲဆောင်ရွက်ပေးရန်နှင့် အမှိုက်ကန်တည်ဆောက်ခြင်း	၃	———	———	———	———	
၄။ သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများပို့ချပေးခြင်း	၄	———	———	———	———	———
၅။ ရေပေးရေး(သောက်သုံးရေစိုက်ပျိုးရေ၊ အိမ်သွယ်ရေတိုင်)	၅		———	———	———	
၆။ ရေလွှဲဆည်တည်ဆောက်ခြင်း	၆			———	———	
၇။ ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ခြင်း	၇			———	———	
၈။ လမ်း(ကျေးရွာကုန်ထုတ်လမ်း၊ Box Culvert ၊ ရေပြွန်တည်ဆောက်ခြင်း၊ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကွန်ကရစ်ဘောင်နှင့် သဲကျောက်ခင်းခြင်း	၈		———	———	———	———

၉။ ညောင်ကိုင်း-သာယာကုန်းကျေးရွာချင်း ဆက်လမ်းအားကွန်ကရစ်လမ်းခင်းခြင်း	၉			____	____
၁၀။ ပညာရေး	၁၀	____	____	____	
၁၁။ စိုက်ပျိုးရေးနည်းပညာပေးသင်တန်း ဖွင့်လှစ်ပေးရန်	၁၁	____	____		
၁၂။ ကျေးရွာတွင်းလမ်းဆိုလာလမ်းမီးတိုင်/ လျှပ်စစ်မီးတိုင်တိုးချဲ့သွယ်တန်းခြင်း	၁၂			____	____
၁၃။ မွေးမြူရေးနှင့် ပတ်သက်၍ နည်းပညာပေး ဟောပြောပွဲဆောင်ရွက်ပေးရန်	၁၃	____	____		
၁၄။မိသားစုပြုစုစောင့်ရှောက်မှုမရှိသောသက်ကြီး ရွယ်အိုများနှင့် မသန်စွမ်းသူများအားထောက်ပံ့ စောင့်ရှောက်နိုင်ရန်အတွက်အသိပညာပေး ဟောပြောပွဲဆောင်ရွက်ပေးရန်	၁၄	____	____		
၁၅။ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးရေးအသိပညာ ပေးဟောပြောပွဲဆောင်ရွက်ပေးရန်	၁၅	____	____		
၁၆။ မူးယစ်ဆေးဝါးနှင့်ကျန်းမာရေးအသိပညာ ပေးဟောပြောပွဲပြုလုပ်ပေးရန်	၁၆	____	____		

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များ အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း

မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန်စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း			√		
၂	ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း၊ စာကြည့်တိုက်အတွင်း (Fiber WiFi)အင်တာနက်တပ်ဆင်ခြင်း၊ကွန်ပျူတာတပ်ဆင်ခြင်း			√		
၃	ကျေးရွာခန်းမဆောင်ဝင်းအတွင်းသန့်စင်ခန်းတည်ဆောက်ခြင်း/ခြံစည်းရိုးကာရံခြင်း/သံပန်းတံခါးတပ်ဆင်ခြင်း			√		
၄	ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအသိပညာပေးဟောပြောပွဲဆောင်ရွက်ပေးရန်နှင့်အမှိုက်ကန်တည်ဆောက်ခြင်း			√	√	
၅	သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများပို့ချပေးခြင်း				√	
၆	ရေပေးရေး(သောက်သုံးရေ၊ စိုက်ပျိုးရေ၊ အိမ်သွယ်ရေတိုင်)			√		
၇	ရေလွှဲဆည်တည်ဆောက်ခြင်း			√		

၈	ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ခြင်း			√		
၉	ကျေးရွာကုန်ထုတ်လမ်းBoxCulvert နှင့် ရေပြွန်တည်ဆောက်ခြင်း			√		
၁၀	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်း/ ကွန်ကရစ်ဘောင်နှင့်သဲကျောက်လမ်း			√		
၁၁	ညောင်ကိုင်း-သာယာကုန်း ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်း			√		
၁၂	ပညာရေး			√	√	
၁၃	စိုက်ပျိုးရေးနည်းပညာပေး သင်တန်းဖွင့်လှစ်ပေးရန်				√	
၁၄	ကျေးရွာတွင်းလမ်းဆိုလာလမ်း မီးတိုင်/လျှပ်စစ်မီးတိုင်တိုးချဲ့သွယ်တန်းခြင်း				√	
၁၅	မွေးမြူရေးနှင့် ပတ်သက်၍ နည်းပညာပေးဟောပြောပွဲ ဆောင်ရွက်ပေးရန်				√	
၁၆	မိသားစုပြုစုစောင့်ရှောက်မှုမရှိ သောသက်ကြီး ရွယ်အိုများနှင့် မသန်စွမ်းသူများအားထောက်ပံ့ စောင့်ရှောက်နိုင်ရန်အတွက်အသိ ပညာပေးဟောပြောပွဲဆောင်ရွက်ပေးရန်				√	
၁၇	ယာဉ်စည်းကမ်းလမ်းစည်းကမ်း နှင့် လူကုန်ကူးမှုတားဆီးရေး အသိပညာပေးဟောပြောပွဲဆောင်ရွက်ပေးရန်				√	
၁၈	မူးယစ်ဆေးဝါးနှင့်ကျန်းမာရေး				√	

	အသိပညာပေးဟောပြောပွဲပြုလုပ်ပေးရန်					
၁၉	ကျန်းမာရေးအသိပညာပေးဟောပြောပွဲများဆောင်ရွက်ပေးရန်				√	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင် အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော

အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ် လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြ ထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန် ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက် ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့်သက်ဆိုင်ရာ

စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ(Baseline)ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များ ပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ် ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာ

မှ ယင်းအခြေခံသတင်းအချက်အလက်များးပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

  နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
၁	**ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း**					
	• ဘက်စုံသုံးခန်းမဆောင်ဆောက်လုပ်ခြင်း	• ဘက်စုံသုံးခန်းမဆောင်မရှိခြင်း • အခမ်းအနားနှင့် အစည်းအဝေးများဆောင်ရွက်ရာတွင် အသုံးပြုရန်	• ခန်းမဆောင်ဆောက်လုပ်ရန် မြေနေရာရှိခြင်း	• ခန်းမဆောင်ဆောက်လုပ်ရန် ငွေကြေးမတတ်နိုင်ခြင်း	• ကျေးလက်ဦးစီးဌာနသို့တင်ပြတောင်းခံခြင်း • ကျေးရွာမှ ဝိုင်းဝန်းလုပ်အားပေးရန်ရှိခြင်း	• ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ဘက်စုံသုံးခန်းမဆောင်ဆောက်လုပ်ခြင်း
၂	**ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း**					
	• ကျေးရွာတွင်စာကြည့်တိုက်ဆောက်လုပ်ရန် လိုအပ်ခြင်း	• ကျေးရွာတွင် အသိပညာဗဟုသုတပြည့်ဝစေရန် • လိမ္မာရေးခြားရှိစေရန်	• ကလေးငယ်များအတွက်ရုပ်ပြစာအုပ်များ၊လူကြီးများအတွက် တရားစာအုပ်များ အခြားအသိပညာပေးစာအုပ်များ	• ယခုခေတ် လူငယ်များစာဖတ်အားနည်းခြင်း၊စိတ်ဝင်စားနည်းပါးခြင်း	• ကလေးငယ်များနှင့်လူငယ်/လူရွယ်များအားအသိပညာတိုးစေခြင်း၊ စာကြည့်တိုက်ဆောက်လုပ်ရန်	• ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
			ရှာဖွေရလွယ်ကူစေခြင်း		မြေနေရာရှိခြင်း	
၃	**ကျေးရွာစွန့်ပစ်အမှိုက်**					
	• ကျေးရွာတွင် အမှိုက်စွန့်ပစ်ရန် နေရာမရှိခြင်း • အမှိုက်ကန်တည် ဆောက်ရန်လို အပ်ခြင်း	• အမှိုက်များစနစ်တကျမစွန့်ပစ်ခြင်း • စွန့်ပစ်ရန်မြေနေရာမရှိခြင်း • ကျေးရွာ၏အမှိုက်စွန့်ပစ်မှုစနစ်တကျစီမံခန့်ခွဲမှုအသိပညာပေးစေခြင်း	• အမှိုက်စွန့်ပစ်ရန် မြေနေရာသီးသန့်မရှိခြင်း • အမှိုက်ကန်တည် ဆောက်ရန် မြေနေရာရှိခြင်း	• အမှိုက်များစနစ်တကျစွန့်ပစ်ရန်လိုအပ်ခြင်း • အမှိုက်ကန် ဆောင်ရွက်ရန် နည်းပညာလိုအပ်ခြင်း	• အမှိုက်သိမ်းကားများလိုအပ်ခြင်း • လူငယ်များကိုစနစ်တကျတာဝန်ပေးထားရန်လိုအပ်ခြင်း • ကျေးလက်ဦးစီးဌာနမှတဆင့်သက်ဆိုင်ရာဌာနသို့တင်ပြတောင်းခံခြင်း	• ကျေးရွာသူ/သားများတက်ကြွစွာပါဝင် ဆောင်ရွက်ရန်လိုအပ်ခြင်း • ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ခြင်း • ကျေးရွာ၏သင့်လျော်သောနေရာတစ်နေရာ၌ အမှိုက်ကန်တစ်ခုတည် ဆောက်ပေးရန်
၄	**အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းဖွင့်လှစ်ပေးစေခြင်း**					
	• အသက်မွေးဝမ်း ကျောင်းသင်တန်း	• ကျေးရွာမှထွက်ရှိသောကုန်ကြမ်းများ	• ကုန်ကြမ်းပစည်းများရှိခြင်း၊	• နည်းပညာလို အပ်ခြင်းအ	• ထူးချွန်လူငယ်များအသိအမှတ်ပြုခြင်း	• အခြေခံလူသုံးကုန်၊ အခြေဆိုင်ကယ်ပြင်၊

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
	များဖွင့်လှစ်ပေးရန်	ကိုကုန်ချောအဖြစ်ထုတ်လုပ်ပြီး ဈေးကွက်ဝင်ပစည်းများဖန်တီးနိုင်ရန်	ကျေးရွာမှစိတ်အားထက်သန်ခြင်း	တွက်သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း	လူမှုရေးစွမ်းဆောင်မှုများမြင့်တင်ပေးခြင်း • ကျေးလက်ဦးစီးဌာနမှတဆင့်သက်ဆိုင်ရာဌာနသို့တင်ပြတောင်းခံခြင်း	အခြေခံစားသောက်ကုန်ထုတ်လုပ်နည်း၊ လျှပ်စစ်နှင့်အိမ်တွင်းဝါယာရိုန်းနည်းပညာ၊ အပ်ချုပ်စက်၊ သံဂဟေဆက်သင်တန်းများဆောင်ရွက်ပေးစေခြင်း
၅	**ရေပေးရေး**					
	• စက်ရေတွင်းတူးဖော်ပေးစေခြင်း • ရေပိုက်လိုင်းနှင့်ရေမီတာတပ်ဆင်ခြင်း(အိမ်သွယ်ရေတိုင်စနစ်)	• နွေရာသီရေထွက်အားနည်းခြင်း	• ကျေးရွာသူ/သားများမှ စိတ်အားထက်သန်ခြင်း	• ရေကိုစနစ်တကျမသုံးစွဲကြခြင်း	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	• ရာသီမရွေးလိုအပ်သလောက်သုံးစွဲနိုင်ရန်
၆	**လမ်း၊တံတား**					
	• ကုန်ထုတ်လမ်း ၊Box Culvert	• ယာခင်းမှ ထွက်ကုန်များအား	• ကုန်ထုတ်လမ်းကောင်းမွန်လာပါ	• စပါး၊ကောက်ပဲသီးနှံများ	• ကျေးလက်ဦးစီးဌာန ၊ ကျေးလက်	• ကျေးလက်ဦးစီးဌာသို့တင်ပြတောင်းခံခြင်း

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
	ရေပြွန်တည်ဆောက်ခြင်း • ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း • ညောင်ကိုင်း-သာယာကုန်းကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ရန်လိုအပ်ခြင်း	ထော်လာကျီ၊ ဆိုင်ကယ်များနှင့်သယ်ယူရာတွင် လမ်းမကောင်းခြင်းကြောင့်အခက်အခဲများရှိခြင်း • ကျေးရွာတွင် မိုးတွင်းကာလ၌ ရွာတွင်းလမ်းမှာ အဆင်မပြေခြင်း	ကစပါးကောက်ပဲသီးနှံများသယ်ရလွယ်ကူခြင်း • ရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများကောင်းမွန်လာပါကစီးပွားရေးများလည်းပိုမိုကောင်းမွန်လာခြင်း	သယ်ယူရာတွင် အခက်အခဲများရှိခြင်း • ကလေးငယ်များနှင့်သက်ကြီးရွယ်အိုများသွားလာရအခက်အခဲရှိခြင်း	လမ်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	• ကျေးလက်လမ်းဦးစီးဌာနသို့ တင်ပြ၍ ကွန်ကရစ်လမ်းတင်ပြ တောင်းခံခြင်း
၇	**ပညာရေး**					
	• အမကကျောင်းဆောင်တိုးချဲ့တည်ဆောက်ခြင်း • အမကကျောင်းအတွက်ဆရာမ	• ကျေးရွာတွင် ကျောင်းသား/သူများလာသည့်အတွက်ကြောင့် အမကစာသင်ကျောင်း	ဆရာမ(၂)ဦးနှင့် ကျောင်းဆောင်တိုးချဲ့ပေးပါကအဆင်ပြေမည်ဖြစ်ပါကြောင်း	ကျောင်းနေသည့် ကလေးငယ်များတိုးလာခြင်းနှင့် ကျောင်းသားဦးရေနှင့်ဆရာမ	ကျေးလက်ဦးစီးဌာနမှတဆင့် သက်ဆိုင်ရာဌာနသို့ တင်ပြတောင်းခံခြင်း	ကျေးလက်ဦးစီးဌာနမှတဆင့် သက်ဆိုင်ရာဌာနသို့ တင်ပြတောင်းခံခြင်း

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
	(၂)ဦးချထားပေးရန်လိုအပ်ခြင်း	ဆောင်တိုးချဲ့တည်ဆောက်ပေးရန်နှင့် ဆရာ/ဆရာမ(၂)ဦးလိုအပ်ပါကြောင်း		ဦးရေမမျှတခြင်း		
၈	**စိုက်ပျိုးရေးနည်းပညာများ**					
	• စိုက်ပျိုးရေးနှင့် ပတ်သက်သည့် နည်းပညာများလိုအပ်ခြင်း လယ်ယာသုံးထွန်စက်ကြီးချထားပေးရန်လိုအပ် ခြင်း	• ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာ၊ မျိုးစေ့ရယူနိုင်မည့် နည်းပညာလိုအပ်ခြင်း • မျိုးကောင်းမျိုးသန့်များရရှိရန်လိုအပ်ခြင်း • စိုက်ပျိုးခြံမြေများတိုးချဲ့ဖော်ဆောင်လုပ်ကိုင်ကြခြင်း	• မိုးညှင်းမြို့နှင့်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း • အရစ်ကျစနစ်ဖြင့် ရောင်းချပေးပါကတောင်သူများအတွက်များစွာအဆင်ပြေခြင်း	• နည်းပညာပေးသူမရှိခြင်း • ကျေးရွာတွင်လည်းစက်ကိရိယာရောင်းချပေးသည့်ဆိုင်မရှိခြင်း	• တောင်သူများအား စိုက်ပျိုးရေးနည်းပညာများသင်ကြားပို့ချပေးပါကရွာသူ/သားများမှ တက်ကြွစွာပါဝင်သင်ကြားကြမည်ဖြစ်ခြင်း • တောင်သူအများစုမှာ လယ်ယာသုံးစက်ကိရိယာလိုအပ်ခြင်း အရစ်ကျစနစ်ဖြင့်	• တောင်သူများအတွက် များစွာအထောက်အကူဖြစ်ခြင်း • စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လိုခြင်း စက်မှုလယ်ယာဦးစီးဌာန၊ သမဝါယမဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
					ရောင်းချပေးစေခြင်း	
၉	**မီးရရှိရေး**					
	• ကျေးရွာတွင်းလမ်း ဆိုလာမီးတိုင်နှင့် ကွက်သစ်ရပ်ကွက် လျှပ်စစ်မီးတိုင်တိုး ချဲ့သွယ်တန်းရန်	• ကွက်သစ်ရပ်ကွက်တွင်လျှပ်စစ်မီးတိုင်တိုးချဲ့သွယ်တန်းရန် လိုအပ်ခြင်း	• ကျေးရွာ၌ ဆိုလာမီးတိုင်များတပ်ဆင်ပါ သွားလာရအဆင်ပြေမည် ဖြစ်ပြီး ကွက်သစ်ရပ်ကွက်အတွက် လည်းလျှပ်စစ်မီးတိုင်ရရှိပါကအဆင်ပြေခြင်း	ကျေးရွာသူ/သားများမှ ဆိုလာမီးတိုင်များတပ်ဆင်ရန်ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနမှတဆင့် သက်ဆိုင်ရာဌာနသို့ တင်ပြတောင်းခံခြင်း	ကျေးလက်ဦးစီးဌာနမှတဆင့် သက်ဆိုင်ရာဌာနသို့ တင်ပြတောင်းခံခြင်း
၁၀	**မွေးမြူရေး**					
	• မွေးမြူရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးစေလိုခြင်း	• ကြက်၊ ဝက်ရောဂါများဖြစ်ပါက ဆေးမမှီခြင်း • မျိုးကောင်းမျိုးသန့်များမရရှိခြင်း	• တိရစ္ဆာန်ဆရာဝန်များရှိခြင်း • နည်းပညာများပေးလျှင် တက်ရောက်လိုခြင်း	• မျိုးကောင်းမျိုးသန့်များမရရှိခြင်းကြောင့် ရောဂါများဖြစ်ပါကခံနိုင်မှုနည်းပါးခြင်း	• မျိုးကောင်းမျိုးသန့်များကိုစျေးနှုန်းချိုတာစွာဖြင့် ရောင်းချပေးစေလိုခြင်း	• မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
				• မျိုးကောင်းများကိုလည်းဈေးကြီးပေးဝယ်ရခြင်း		
၁၁	**မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုနှင့် မသန်စွမ်းထောက်ပံ့ခြင်း**					
	• လူမှုကာကွယ်စောင့်ရှောက်ရေး	• မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများစောင့်ရှောက်မှုလိုအပ်ခြင်း	• လူမှုရေးနှင့် ကယ်ဆယ်ရေးဦးစီးဌာနများရှိခြင်း • မသန်စွမ်းနှင့်ကျန်းမာရေးစောင့်ရှောက် မှုလိုအပ်သောသက်ကြီးရွယ်အိုများနည်းပါးခြင်း	• ကျန်းမာရေးစောင့်ရှောက်မှုနည်းပညာများလိုအပ်ခြင်း	• နည်းပညာများလိုအပ်ခြင်း၊ သက်ဆိုင်ရာမိသားစုများမှ ကူညီစောင့်ရှောက်ထားခြင်း	• လူမှုဝန်ထမ်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ခြင်း ကျန်းမာရေး နည်းပညာပေးမည့် အဖွဲ့အစည်းများ လိုအပ်ခြင်း
၁၂	**ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးရေး**					
	ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတား	• ကျေးရွာသူ/သားများမှ ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများ	• ကျေးရွာသူ/သားများအား ယာဉ်စည်းကမ်းလမ်း	• ကျေးရွာသူ/သား များမှ ယာဉ်	• ကျေးလက်ဦးစီးဌာန မှတဆင့်သက်ဆိုင်ရာဌာနသို့	• ကျေးလက်ဦးစီးဌာနမှတဆင့် သက်ဆိုင်ရာဌာနသို့တင်ပြ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
	ဆီးရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်ပေးရန်	နားမလည်ခြင်း • လူကုန်ကူးမှုတားဆီးရေးအသိပညာများလဲ ရရှိမည်ဖြစ်သည်	စည်းကမ်းများနားလည်ပြီးလိုက်နာနိုင်ခြင်း • လူငယ်များမှလူကုန်ကူးမှုတားဆီးရေးအသိပညာများလည်း ရရှိခြင်း	စည်းကမ်းလမ်းစည်းကမ်းများနားမလည်ခြင်း	တင်ပြတောင်းခံခြင်း	တောင်းခံခြင်း
၁၃	**မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးအသိပညာပေးခြင်း**					
	မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးသုံးစွဲသူပေါ်များခြင်း	• မူးယစ်ဆေးဝါးများကိုလူငယ်များသာမက လူကြီးများလည်းသုံး စွဲနေသည်ကို တွေ့ရသည်။	• မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်နည်းပညာများလိုအပ်ခြင်း • မိသားစုဝင်များမှလည်းသုံးစွဲနေသည်ကိုမလိုအပ်ခြင်း	• မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့များဖွဲ့စည်းပေးရန်	• မူးယစ်ဆေးဝါးများတိုက်ဖျက်မည်ဆိုပါက ရွာသူ/သားများမှတက်ကြွစွာပါဝင်ဆောင်လိုခြင်း • မူးယစ်ဆေးဝါးကာကွယ်ရန် နည်းပညာများပေးစေလိုခြင်း	• ကျန်းမာရေးဦးစီးဌာနနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်ပေးရန်

ကိုးကားစာရင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၂၄ ၊ ဩဂုတ် လ

၂။ ၂၀၂၄ခုနှစ် ဩဂုတ်လ က သာယာကုန်းကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊